## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် ၂၉ /၂၀၂၅
## ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
## ( ၂၀၂၅ ခုနှစ်၊ မေလ ၈ ရက် )

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၁၇ ဖြင့် ကူးပြောင်းချိတ်ဆက်ထားသည့် မြန်မာနိုင်ငံ၏ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ဆိုင်ရာ အကောက်ခွန်နှုန်းလျှော့ချမှု အစီအစဉ် (Myanmar's Tariff Reduction Schedule with HS 2017 Version under Regional Comprehensive Economic Partnership Agreement) ကို ကျင့်သုံးဆောင်ရွက်ရန် အကောက်ခွန်နှုန်းဥပဒေ ပုဒ်မ ၃ နှင့် ၄ တို့အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ဤအမိန့်ကြော်ငြာစာသည် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Regional Comprehensive Economic Partnership Agreement) အရ မြန်မာနိုင်ငံနှင့် စာချုပ်အပြန်အလှန်အသက်ဝင်သည့် အောက်ပါနိုင်ငံများအကြား ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့ရက်မှစ၍ အာဏာသက်ရောက်စေရမည် -

(က) ကမ္ဘောဒီးယားနိုင်ငံ

(ခ) ထိုင်းနိုင်ငံ

(ဂ) ဗီယက်နမ်နိုင်ငံ

(ဃ) ဘရူနိုင်းဒါရုဆလမ်နိုင်ငံ

(င) လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

(စ) စင်ကာပူသမ္မတနိုင်ငံ

(ဆ) မလေးရှားနိုင်ငံ

(ဇ) အင်ဒိုနီးရှားသမ္မတနိုင်ငံ

(ဈ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ဘဏ္ဍာ - ၅/ ၁ /၅ ( [illegible] /၂၀၂၅)
ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ မေလ ၈ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
ပြည်တွင်းအခွန်များဦးစီးဌာန
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ကျန်ဦးစီးဌာနများနှင့် အဖွဲ့အစည်းများအားလုံး
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
ရုံးလက်ခံ/ ရုံးပြည်ထောင်စုဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

(မင်းထွဋ်)
ဒုတိယဝန်ကြီး

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ